## မော်တော်ယာဉ်များ လုပ်ငန်းလိုင်စင်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ ဆောက်ရွက်ရမည့် လုပ်ငန်းစဉ်များ

**၁။** သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကိုယ်ပိုင်မှ အငှားယာဉ်သို့ ပြောင်းလဲ၍သော်လည်းကောင်း၊ မူလအငှားယာဉ်ကိုသော်လည်းကောင်း လုပ်ငန်းလိုင်စင် ဆောင်ရွက်လိုသည့် မော်တော်ယာဉ်၊ ထရော်လာဂျီ၊ သုံးဘီးဆိုင်ကယ်ယာဉ်ပိုင်ရှင်များသည် သက်ဆိုင်ရာ တိုင်း/ခရိုင်လုပ်ငန်းလိုင်စင်ရုံး များသို့ လျှောက်ထားရမည်။

**၂။ ကုန်စည်ပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင် က'လိုင်စင်**

(က) လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) ကညနှ၏ သက်တမ်းရှိ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) မူရင်း/မိတ္တူ

(၂) ယာဉ်ဓါတ်ပုံ(၃)ပုံ(ရှေ့/နောက်/ညာဘေး)

(၃) ယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ် မူရင်း/မိတ္တူ(သို့မဟုတ်) ကုမ္ပဏီ အမည်ပေါက်ဖြစ်ပါက ကုမ္ပဏီ၏ Letter Head ဖြင့် ကိုယ်စားလှယ်လွှဲစာမူရင်း၊ ကုမ္ပဏီ မှတ်ပုံတင် လက်မှတ်(မိတ္တူ)၊ ————————————FORM VI (မိတ္တူ), FORM XXVI (မိတ္တူ)

(၄) လုပ်ငန်းလာရောက်ဆောင်ရွက်သူ၏ နိုင်ငံသားစိစစ်ရေးကဒ်မူရင်း/ မိတ္တူ

(ခ) အထက်ပါသတ်မှတ်ချက်များပြည့်စုံမှန်ကန်လျှင်ကျသင့်သည့်အခွန်အခများ ပေးသွင်းခြင်း ကညနှ၏ယာဉ်မှတ်ပုံတင် စာအုပ်ပါသက်တမ်းနှင့်တူညီ သက်တမ်းရှိသည့် လုပ်ငန်းလိုင်စင်ကို လုပ်ငန်းလာရောက်ဆောင်ရွက်သူ၏ လက်ဝယ်သို့ လုပ်ငန်းလိုင်စင် အပိုင်း(၁)(၂) တြိဂံများအား ထုတ်ပေးပါမည်။

(ဂ) လုပ်ငန်းလိုင်စင်အား နှစ်စဉ် သက်တမ်းတိုးဆောင်ရွက်ရပါမည်။

(ဃ) လုပ်ငန်းလိုင်စင်အပိုင်း(၁) စာအုပ်အားပိုင်ရှင်မှ သိမ်းဆည်းထားနိုင်ပြီး အပိုင်း(၂) ကဒ်ပြားနှင့် တြိဂံကဒ်ပြားများအား ယာဉ်စည်းကမ်းနှင့်သက်ဆိုင် သည့်အဖွဲ့များမှ လမ်း၌ စစ်ဆေးရာတွင် စိစစ်နိုင်ရန်အလို့ငှာ ယာဉ်နှင့်အတူ ထားရှိရပါမည်။

**၃။ ခရီးစဉ်ခရီးသည်ပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင် ခ လိုင်စင်**

(က) လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) ကညနု၏ သက်တမ်းရှိ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) မူရင်း/မိတ္တူ

(၂) ယာဉ်ဓါတ်ပုံ(၃) ပုံ(ရှေ့/နောက်/ညာဘေး)

(၃) ယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ် မူရင်း/မိတ္တူ(သို့မဟုတ်) ကုမ္ပဏီအမည်ပေါက်ဖြစ်ပါက ကုမ္ပဏီ၏ Letter Head ဖြင့် ကိုယ်စားလှယ် လွှဲစာ မူရင်း၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)၊ FORM VI(မိတ္တူ)၊ FORM XXVI (မိတ္တူ)

(၄) လျှောက်ထားသည့် လုပ်ငန်းနှင့် သင့်တော်ခြင်း ရှိ/မရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ထောက်ခံချက်

(၅) လုပ်ငန်းလာရောက်ဆောင်ရွက်သူ၏ နိုင်ငံသားစိစစ်ရေးကဒ် မူရင်း/ မိတ္တူ

(၆) ကယားပြည်နယ်ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့
မှ ယာဉ်လိုင်းပြေးဆွဲရန် တရားဝင်ခွင့်ပြုထားသည့် သက်ဆိုင်ရာ ယာဉ်လိုင်းအသင်း၏ ထောက်ခံချက်

(ခ) အထက်ပါ သတ်မှတ်ချက်များ ပြည့်စုံမှန်ကန်လျှင် ကျသင့်သည့်အခွန်အခများ ပေးသွင်းပြီး ကညနု၏ ယာဉ်မှတ်ပုံတင် စာအုပ်ပါ သက်တမ်းနှင့် တူညီသက်တမ်းရှိသည့် လုပ်ငန်းလိုင်စင်ကို လုပ်ငန်းလာရောက် ဆောင်ရွက်သူ၏ လက်ဝယ်သို့ လုပ်ငန်းလိုင်စင် အပိုင်း (၁) (၂) တြိဂံများအား ထုတ်ပေးပါမည်။

(ဂ) လုပ်ငန်းလိုင်စင်အား နှစ်စဉ် သက်တမ်းတိုးဆောင်ရွက်ရပါမည်။

(ဃ) လုပ်ငန်းလိုင်စင်အပိုင်း ( ၁ )စာအုပ်အား ပိုင်ရှင်မှ သိမ်းဆည်းထားနိုင်ပြီး အပိုင်း(၂)ကဒ်ပြားနှင့် တြိဂံကဒ်ပြားများအား ယာဉ်စည်းကမ်းနှင့် သက်ဆိုင်သည့်အဖွဲ့များမှ လမ်း၌ စစ်ဆေးရာတွင်စိစစ်နိုင်ရန် အလို့ငှာယာဉ်နှင့် အတူ ထားရှိရပါမည်။

**၄။ စင်းလုံးငှား ခရီးသည်ပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင် ‘ဂ’ လိုင်စင်**

(က) လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၁) ကညနရ္ သက်တမ်းရှိ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မူရင်း/ မိတ္တူ

(၂) ယာဉ်ဓါတ်ပုံ (၃) ပံဒ (ရှေ့/ နောက်/ ညာဘေး)

(၃) ယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ် မူရင်း/မိတ္တူ(သို့မဟုတ်) ကုမ္ပဏီ အမည်ပေါက်ဖြစ်ပါက ကုမ္ပဏီ၏ Letter Head ဖြင့် ကိုယ်စားလှယ် လွှဲစာ မူရင်း၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)၊ FORM VI(မိတ္တူ)၊ FORM XXVI (မိတ္တူ)

(၄) လျှောက်ထားသည့် လုပ်ငန်းနှင့်သင့်တော်ခြင်း ရှိ/ မရှိ၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ထောက်ခံချက်

(၅) လုပ်ငန်းလာရောက်ဆောင်ရွက်သူ၏နိုင်ငံသားစိစစ်ရေးကဒ်မူရင်း/မိတ္တူ

(၆) (၅)ဦးအထက်ယာဉ်ဖြစ်ပါက ခရီးသည်တင်ယာဉ်လိုင်းများ၌ ဝင်ရောက် ပြေးဆွဲခြင်း မပြုပါဟု ခံဝန်ချက်။

( ခ) အထက်ပါ သတ်မှတ်ချက်များ ပြည့်စုံမှန်ကန်လျှင် ကျသင့်သည့် အခွန်အခများ ပေးသွင်းပြီး ကညန၏ ယာဉ်မှတ်ပုံတင်စာအုပ်ပါ သက်တမ်းနှင့် တူညီ သက်တမ်းရှိသည့် လုပ်ငန်းလိုင်စင်ကို လုပ်ငန်းလာရောက် ဆောင်ရွက်သူ၏ လက်ဝယ်သို့ လုပ်ငန်းလိုင်စင် အပိုင်း ( ၁ ) ( ၂ ) တြိဂံများအား ထုတ်ပေးပါမည်။

( ဂ) လုပ်ငန်းလိုင်စင်အား နှစ်စဉ် သက်တမ်းတိုးဆောင်ရွက်ရပါမည်။

(ဃ) လုပ်ငန်းလိုင်စင်အပိုင်း(၁) စာအုပ်အား ပိုင်ရှင်မှ သိမ်းထားနိုင်ပြီး အပိုင်း(၂) ကဒ်ပြားနှင့် တြိဂံကဒ်ပြားများအား ယာဉ်စည်းကမ်းနှင့် သက်ဆိုင်သည့် အဖွဲ့များမှ လမ်း၌ စစ်ဆေးရာတွင် စိစစ်နိုင်ရန်အလို့ငှာ ယာဉ်နှင့်အတူ ထားရှိရ ပါမည်။

## ၅။ ပင္နိုညာဉ်အရ ပို့ဆောင်ခွင့်လုပ်ငန်းလိုင်စင် 'ဃ' လိုင်စင်

(က) လျှောက်ထားရာတွင်ပါဝင်ရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ကညန၏ သက်တမ်းရှိ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ- ၃)မူရင်း/ မိတ္တူ

(၂) ယာဉ်ဓါတ်ပုံ (၃)ပုံ (ရှေ့/ နောက်/ ညာဘေး)

(၃) သက်ဆိုင်ရာကျောင်း၊ စက်ရုံ၊ အဖွဲ့အစည်းများနှင့် ယာဉ်ပိုင်ရှင်ချုပ်ဆိုထားသည့် စာချုပ်မူရင်း

(၄) ယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ် မူရင်း/မိတ္တူ(သို့မဟုတ်) ကုမ္ပဏီ အမည်ပေါက်ဖြစ်ပါက ကုမ္ပဏီ၏ Letter Head ဖြင့် ကိုယ်စားလှယ် လွှဲစာမူရင်း၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ) FORM VI(မိတ္တူ)၊ FORM XXVI(မိတ္တူ)

(၅) လျှောက်ထားသည့်လုပ်ငန်းနှင့် သင့်တော်ခြင်းရှိ/မရှိ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ထောက်ခံချက်

(၆) လုပ်ငန်းလာရောက်ဆောင်ရွက်သူ၏ နိုင်ငံသားစိစစ်ရေးကဒ် မူရင်း/ မိတ္တူ

(ခ) အထက်ပါ သတ်မှတ်ချက်များ ပြည့်စုံမှန်ကန်လျှင် ကျသင့်သည့်အခွန်အခများ ပေးသွင်းပြီး ကညန၏ ယာဉ်မှတ်ပုံတင်စာအုပ်ပါ သက်တမ်းနှင့် တူညီ သက်တမ်းရှိသည့် လုပ်ငန်းလိုင်စင် အပိုင်း(၁)(၂) တြိဂံများအား ထုတ်ပေး ပါမည်။

(ဂ) လုပ်ငန်းလိုင်စင်အား နှစ်စဉ်သက်တမ်းတိုးဆောင်ရွက်ရပါမည်။

(ဃ) လုပ်ငန်းလိုင်စင်အပိုင်း(၁) စာအုပ်အား ပိုင်ရှင်မှ သိမ်းဆည်းထားနိုင်ပြီး အပိုင်း(၂)ကဒ်ပြားနှင့် တြိဂံကဒ်ပြားများအား ယာဉ်စည်းကမ်းနှင့် သက်ဆိုင်သည့်အဖွဲ့များမှ လမ်း၌ စစ်ဆေးရာတွင် စိစစ်နိုင်ရန်အလို့ငှာ ယာဉ်နှင့်အတူ ထားရှိရပါမည်။

## ၆။ ကိုယ်ပိုင်စီးပွားရေးအတွက် (ကုန်စည်)ပို့ဆောင်ခွင့် လုပ်ငန်းလိုင်စင် ‘င’ လိုင်စင် ( ၂ တန်အောက် ကိုယ်ပိုင်ယာဉ်ငယ်များသာ လျှောက်ထားရန်)

(က) လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကညန၏ သက်တမ်းရှိ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မူရင်း/ မိတ္တူ

(၂) ယာဉ်ဓါတ်ပုံ(၃)ပုံ(ရှေ့/ နောက်/ညာဘေး)

(၃) ယာဉ်ပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ် မူရင်း/မိတ္တူ(သို့မဟုတ်) ကုမ္ပဏီ အမည်ပေါက် ဖြစ်ပါက ကုမ္ပဏီ၏ Letter Head ဖြင့် ကိုယ်စားလှယ်လွှဲစာမူရင်း၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ) FORM VI(မိတ္တူ)၊ FORM XXVI(မိတ္တူ)

(၄) ယာဉ်ပိုင်ရှင်၏ လုပ်ငန်းဆောင်ရွက်ကြောင်း ကတိဝန်ခံချက်

(၅) လုပ်ငန်းလာရောက်ဆောင်ရွက်သူ၏ နိုင်ငံသားစိစစ်ရေးကဒ် မူရင်း/ မိတ္တူ

( ခ) အထက်ပါ သတ်မှတ်ချက်များ ပြည့်စုံမှန်ကန်လျှင် ကျသင့်သည့်အခွန်အခများ ပေးသွင်းပြီး ကညန၏ ယာဉ်မှတ်ပုံတင် စာအုပ်ပါ သက်တမ်းနှင့် တူညီ သက်တမ်းရှိသည့် လုပ်ငန်းလိုင်စင်ကို လုပ်ငန်းလာရောက် ဆောင်ရွက်သူ၏ လက်ဝယ်သို့ လုပ်ငန်းလိုင်စင် အပိုင်း(၁)(၂) တြိဂံများအား ထုတ်ပေးပါမည်။

( ဂ) ယာဉ်ပိုင်ရှင်သည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင်'င' လုပ်ငန်း မှတ်တမ်းတင် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဃ) လုပ်ငန်းလိုင်စင်အား နှစ်စဉ်သက်တမ်းတိုးဆောင်ရွက်ရပါမည်။

( င) လုပ်ငန်းလိုင်စင်အပိုင်း(၁)စာအုပ်အား ပိုင်ရှင်မှ သိမ်းဆည်းထားနိုင်ပြီး အပိုင်း(၂) ကဒ်ပြားနှင့် တြိဂံကဒ်ပြားများအား ယာဉ်စည်းကမ်းနှင့် သက်ဆိုင်သည့်အဖွဲ့ များမှ လမ်း၌ စစ်ဆေးရာတွင် စိစစ်နိုင်ရန်အလို့ငှာ ယာဉ်နှင့်အတူထားရှိ ရပါမည်။

**မှတ်ချက်။** စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ပါက လုပ်ငန်းလိုင်စင်အသစ်လျှောက်အား နေ့ချင်း ပြီးစေရန်လည်းကောင်း၊ သက်တမ်းတိုးအား(၄၅)မိနစ်အတွင်းပြီးစီးစေရန်လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

**၇။ လုပ်ငန်းလိုင်စင်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲခြင်း**

စီးပွားရေးအလို့ငှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် မော်တော်ယာဉ်ထရော်လာဂျီ၊ သုံးဘီးဆိုင်ကယ်ယာဉ်များအား ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း

သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ၊ နည်းဥပဒေပါ လုပ်ငန်းလိုင်စင်စည်းကမ်းများနှင့် ညီညွတ်မှု ရှိ/မရှိ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ၊ လုပ်ငန်း လိုင်စင်ရုံး၊ မ၊ စ၊ က အဖွဲ့ အဆင့်ဆင့်မှ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက် ရှိပါသည်။